# မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၂/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း [1]

Posted on 19 March 2019

မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၂/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ်လ၁၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဇော်မြင့်မောင်၊ အဖွဲ့ဝင်များဖြစ်သောမန္တလေးတိုင်းဒေသကြီးလျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဦးဇာနည်အောင်နှင့်အခြားအဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု အတည်ပြုလျှောက်ထားလာမှု (၁)ခုကို ဆွေးနွေးခဲ့ပြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပြင်ဆင်ခြင်း၊ တည်ဆောက်ရေးကာလ တိုးမြှင့်ခြင်း တင်ပြမှုများကိုဆွေးနွေးခွင့်ပြုခဲ့ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative